ဖမ်းဆီးထိန်းသိမ်းခံထားရသူများအား ကူညီပံ့ပိုးခြင်း - လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအား အကာအကွယ်ပေးခြင်းနှင့် ကူညီပံ့ပိုးခြင်း။

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအားလုံးသည် မည်သည့်အကြောင်းကြောင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည်ဖြစ်စေ မျှတစွာနှင့် ဂုဏ်သိက္ခာရှိရှိ ပြုမူဆက်ဆံခံထိုက်ပါသည်။



- **လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ၏ အသက်နှင့်ဂုဏ်သိက္ခာကို အလေးထားလေးစားကြောင်း သေချာစေခြင်း**

နေ့စဉ်နေ့တိုင်း၊ ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခအခြေအနေများကြောင့် အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးများသည် ဖမ်းဆီးထိန်းသိမ်းခံနေရပြီး လွတ်လပ်မှုများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းတို့သည် ညှင်းပန်းနှိပ်စက်ခြင်း၊ အတင်းအဓမ္မလက်စဖျောက်ခံရခြင်းနှင့် အကျဉ်းရုံးစီရင်ခံရခြင်းများ တွေ့ကြုံခံရနိုင်ခြေ ရှိပါသည်။ ၎င်းတို့သည် ၎င်းတို့၏မိသားစုများနှင့် အဆက်အသွယ်ပြတ်တောက်သွားနိုင်ပြီး လူသားမဆန်သည့် နေထိုင်မှုအခြေအနေများဖြစ်သည့် အစားအစာနှင့် ရေကို အကန့်အသတ်ဖြင့်သာရရှိခြင်း၊ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ ရရှိမှုနည်းပါးခြင်းတို့ တွေ့ကြုံခံစားရနိုင်ပါသည်။ ၎င်းတို့ ဖမ်းဆီးခံရပုံနှင့် ထိန်းသိမ်းခံရသည့် အခြေအနေများမှာ မည်သို့ပင်ခြားနားပါစေ အကျဉ်းသားများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ အားလုံးမှာ တူညီပါသည်။ ဂျီနီဗာသဘောတူညီချက်များနှင့်

၎င်း၏နောက်ဆက်တွဲ သဘောတူညီချက်များက သီးသန့်ပေးအပ်ထားသည့် လုပ်ငန်းတာဝန်နှင့်အတူ ကြားနေပြီး ခွဲခြားမှုမရှိသည့် လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းဟူသည့် ဂုဏ်အဆင့်အတန်း အားဖြင့်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ရှိ ကျွန်ုပ်တို့သည် အခြားသူများ သွားရောက်နိုင်ခြင်းမရှိသည့် အကျဉ်းထောင်၊ အကျဉ်းစခန်းများသွား သွားရောက်နိုင်သည့်အပြင် အကျဉ်းသားများ၏ အခြေခံလိုအပ်ချက်များကို ရရှိကြောင်းသေချာစေရန်နှင့် ၎င်းတို့အား အလေးထား လေးစားပြီး ဂုဏ်သိက္ခာရှိသည့် လူသားဆန်သည့် ပြုမူဆက်ဆံမှုများ ရရှိကြောင်း သေချာစေရန် လုပ်ငန်းများကို ဆောင်ရွက်နိုင်စေပါသည်။

- **ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ၏ ကိုယ်စားဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့၏ လုပ်ငန်း**

ကျွန်ုပ်တို့၏ လုပ်ငန်းသည် အကျဉ်းထောင်အဆောက်အအုံ အတွင်းနှင့် ပြင်ပ အခြေအနေ နှစ်ရပ်လုံးပါဝင်သည့် ကျယ်ပြန်သည့်ဆန်းစစ်လေ့လာမှု အပေါ်တွင် အခြေခံပါသည်။ ဤသို့ဆန်းစစ်လေ့လာနိုင်ခြင်းသည် အကျဉ်းထောင်တာဝန်ရှိသူများနှင့် အပြုသဘောဆောင်ပြီး အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိသည့် နှစ်ဦးနှစ်ဖက်အပြန်ဆွေးနွေးပြောဆိုမှု၊ အကျဉ်းသားများဖြင့် သီးသန့်ဆွေးနွေးပြောဆိုခြင်း အားဖြင့် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များက ဖမ်းဆီး ထိန်းသိမ်းထားသည့် အကျဉ်းသားများအပါအဝင် ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် နိုင်ငံအစိုးရများနှင့် နိုင်ငံအစိုးရမဟုတ်သည့် တာဝန်ရှိသူများနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့သည် တာဝန်ရှိသူများ၏ တောင်းဆိုချက်နှင့်အညီ ကြားနေသော ကြားခံအဖြစ်ဆောင်ရွက်ခြင်း အခန်းကဏ္ဍ အတွင်းမှနေ၍ လုပ်ကိုင်ဆောင်ရွက်သကဲ့သို့ ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များအား ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို ကမ်းလှမ်းခြင်းအားဖြင့်လည်း လုပ်ငန်းဆောင်ရွက်ပါသည်။ အမျိုးမျိုးသော ဖြစ်ရပ်များတွင် ကျွန်ုပ်တို့သည် အကျဉ်းသားများ လွှဲပြောင်းခြင်းနှင့် လွတ်ခြင်း လုပ်ငန်းများတွင် အဓိကနေရာမှ ပါဝင်ဆောင်ရွက်ပြီး၊ အမြဲတစေ ကြားနေပြီး လွတ်လပ်စွာသည့် လူသားချင်းစာနာထောက်ထားသည့် လုပ်ငန်း ဆောင်ရွက်မှု နည်းလမ်းဖြင့် ဆောင်ရွက်ပါသည်။

ဖမ်းဆီးထိန်းသိမ်းခံရသူများ၏ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းမှ တားဆီးကာကွယ်ခြင်း

ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကြမ်းကြုတ်ပြီး လူသားမဆန်သည့် သို့မဟုတ် အရှက်ရစေသည့် ပြုမူဆက်ဆံမှုများမှ ကင်းဝေးစေရန် ဆောင်ရွက်ခြင်းသည် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအတွက် ဆောင်ရွက်သည့် ကျွန်ုပ်တို့ လုပ်ငန်း၏ အဓိကအချက်အချာ ဖြစ်ပါသည်။ ကျွန်ုပ်တို့လုပ်ငန်း၏ အန္တိမရည်ရွယ်ချက်သည် ထိုကဲ့သို့ ပြုမူမှုများကို ခံစားခဲ့ရသူများ၏ ကိုယ်စား ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ ခံစားရမှုများ လျော့ပါးသက်သာစေရန်ဖြစ်သည်။

တာဝန်ရှိသူများဖြင့် နှစ်ဦးနှစ်ဖက်အပြန်အလှန်ဆွေးနွေးပြောဆိုဆောင်ရွက်ခြင်း

ကျွန်ုပ်တို့သည် တာဝန်ရှိသူများနှင့် အခြားသက်ဆိုင်သည့်အဖွဲ့များအား ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခြားကြမ်းကြုတ်ပြီး လူသားမဆန်သည့် သို့မဟုတ် အရှက်ရစေသည့် ပြုမူဆက်ဆံမှုများအား တားမြစ်ခြင်းနှင့်သက်ဆိုင်သည့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို အသိပေးတိုက်တွန်းရန် ၎င်းတို့နှင့် ဆွေးနွေးပြောဆိုသည့်အပြင်၊ ၎င်းတို့အား ဤကဲ့သို့သော အပြုအမူများအား တားဆီးကာကွယ်ရန် ထောက်ကူသည့် ပြည်တွင်း သို့မဟုတ် ဒေသတွင်း ပတ်ဝန်းကျင်တစ်ခု ပိုမိုအားကောင်းလာစေရန် သို့မဟုတ် တည်ထောင်နိုင်စေရန် ထောက်ပံ့ကူညီပါသည်။

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအပေါ် **ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကြမ်းကြုတ်ပြီး လူသားမဆန်သည့် သို့မဟုတ် အရှက်ရစေသည့် ပြုမူဆက်ဆံမှုများနှင့် စပ်လျဉ်းသည့်** ကျွန်ုပ်တို့၏ မူဝါဒ အကြောင်း ပိုမိုဖတ်ရှုနိုင်ပါသည်။

အကျဉ်းကျခံရသည့် အခြေအနေများ ပိုမိုကောင်းမွန်လာစေရန်နှင့် အကျဉ်းထောင်စနစ်များ ပိုမိုအားကောင်းလာစေခြင်း

ကျန်းမာရေး၊ မိလ္လာရေဆိုးနုတ်စနစ်၊ အာဟာရ၊ ဥပဒေရေးရာနှင့် အကျဉ်းထောင်စီမံခန့်ခွဲမှု ကျွမ်းကျင်သူများ ပါဝင်ဖွဲ့စည်းထားသည့် ကျွန်ုပ်တို့၏ နယ်ပယ်အစုံပါဝင်သည့်အဖွဲ့သည် သင့်တင့်လျောက်ပတ်ပြီး လူသားဆန်သည့် အကျဉ်းထောင်အခြေအနေများ ရှိကြောင်းသေချာစေရန်၊ တာဝန်ရှိသူများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ပုံတွင် နှစ်ပိုင်း ပါရှိပါသည်။ အကျဉ်းထောင်တာဝန်ရှိသူများနှင့် အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိသည့် နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆွေးနွေးပြောဆိုခြင်း နည်းလမ်းသည် အကျဉ်းထောင်အတွင်းသွားရောက် လေ့လာလည်ပတ်စဉ် အတွင်း တွေ့ရှိခဲ့သည့် ကိစ္စရပ်များကို တင်ပြပြောဆိုနိုင်ပြီး လက်တွေ့ကျသည့် ဖြေရှင်းနည်းများကို ဖော်ထုတ်နိုင်စေပါသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို အပြည့်အဝလေးစားလိုက်နာကြောင်း သေချာစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဒေသအဆင့်နှင့် ဗဟိုအဆင့်တွင် တိုက်တွန်းဆွေးနွေးခြင်းဖြင့် အကျဉ်းထောင်စနစ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် အကျဉ်းထောင်ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်းများနှင့် ပံ့ပိုးမှုအားဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဟူသည့် အားကောင်းသည့် အစိတ်အပိုင်း တစ်ခုပါဝင်ပါသည်။

မိသားစုအဆက်အသွယ်များပြန်လည်ရရှိစေရေး

အကယ်၍ ဖမ်းဆီးထိန်းသိမ်းခံထားရသူများသည် ၎င်းတို့၏ မိသားစုများနှင့် အဆက်အသွယ်ပြတ်တောက်သွားပါက၊ အကျဉ်းထောင်သို့သွားရောက်လည်ပတ်သည့် ကျွန်ုပ်တို့၏အဖွဲ့သည် ၎င်းတို့ကို အဆက်အသွယ် ပြန်လည်ရရှိနိုင်စေရန် ကူညီနိုင်ပြီး၊ ၎င်းတို့ချစ်ခင်ရသူများထံသို့ မိသားစုသတင်းများကို သွားရောက်ပေးဝေနိုင်ပါသည်။

ပို့မိုလ့လာရန်

လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ နေအိမ်သို့ပြန်ရာတွင် ပံ့ပိုးကူညီခြင်း

ကျွန်ုပ်တို့သည် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် အဖွဲ့များအကြား ကြားနေ၍ ကြားခံအဖြစ်ဆောင်ရွက်ခြင်းကဏ္ဍအားဖြင့် လုပ်ငန်းဆောင်ရွက်ပြီး စစ်သုံ့ပန်းများ၊ ဖမ်းဆီးထိန်းသိမ်းခံရသူများ နှင့် ဓါးစားခံများ လွတ်ခြင်း သို့မဟုတ် လဲလှယ်ခြင်းတို့တွင် ကူညီဆောင်ရွက်ပြီး ၎င်းတို့၏ မိသားစုများထံသို့ ပြန်နိုင်စေရန် ဆောင်ရွက်ပေးပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ အချုပ်အနှောင်မှ လွတ်မြောက်လာသည့်နောက် ၎င်းတို့၏နေအိမ်များနှင့် ချစ်ခင်ရသူများထံသို့ ပြန်နိုင်စေရန်လည်း လုပ်ကိုင်ဆောင်ရွက်ပါသည်။

အတွင်းရေးကိစ္စအဖြစ်ထိန်းသိမ်းထားရှိ ဆောင်ရွက်ခြင်း - ကျွန်ုပ်တို့ ဆန္ဒရှိသည့် လုပ်ငန်းဆောင်ရွက်ပုံ

ဖမ်းဆီးထိန်းသိမ်းခံရသူများ၊ အကျဉ်းထောင်တာဝန်ရှိသူများ၊ အခြားသောသူများနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းသည် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ ကိုယ်စားဆောင်ရွက်သည့် အိုင်စီအာရ်စီ၏ လုပ်ငန်းတွင် မရှိမဖြစ်အရေးကြီးသည့် အစိတ်အပိုင်းဖြစ်ပါသည်။ ထိုသို့ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းသည် ယုံကြည်မှုအပေါ်တွင် အခြေခံရမည် ဖြစ်ပြီး၊ ယုံကြည်စိတ်ချရသည် ဟူသည့်အချက်က ထိုယုံကြည်မှုကို ပိုမိုအားကောင်းစေပါသည်။ အတွင်းရေးကိစ္စအဖြစ် ထိန်းသိမ်းထားရှိသည့် နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆွေးနွေးပြောဆိုခြင်း နည်းလမ်းသည် အိုင်စီအာရ်စီက ဆန္ဒရှိသည့်ဆောင်ရွက်ပုံနည်းလမ်းဖြစ်ပြီး မဟာဗျူဟာမြောက် ရွေးချယ်မှုတစ်ခုဖြစ်သော်လည်း ဤအရာသည် ဤနေရာတွင်သာ ပြီးဆုံးသွားသည်မဟုတ်ပါ။ ပုံမှန်အားဖြင့် ယုံကြည်မှုဖြင့် ဆောင်ရွက်သည့် နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းသည် ဖမ်းဆီးထိန်းသိမ်းခံရသူများထံသို့ သွားရောက်နိုင်ရန် ထောက်ကူသည့်အပြင် အိုင်စီအာရ်စီအား ၎င်းတို့၏ လိုအပ်ချက်များကို နားလည်ပြီး အသိအမှတ်ပြုနိုင်စေသည့်အပြင် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအပေါ် ပြုမူဆက်ဆံပုံနှင့် ၎င်းတို့၏ အခြေအနေများနှင့်စပ်လျဉ်း၍ ရေရှည်အကျိုးသက်ရောက်မှုရှိသည့် အပြောင်းအလဲဖြစ်စေရန် တာဝန်ရှိသူများနှင့် လုပ်ကိုင်ဆောင်ရွက်စေနိုင်ပါသည်။